# ရှမ်းကယားနယ်စပ်အတွင်း အကြမ်းဖက် စစ်ကောင်စီ မှ သွေးခွဲ ထိုးစစ်ဆင်သည့် လုပ်ရပ်အပေါ် ကျွန်ုပ်တို့၏ ပူးပေါင်း သဘောထားထုတ်ပြန်ချက်

နေ့စွဲ - ဩဂုတ်လ ၁၈ ရက်နေ့

၂၀၂၁ ခုနှစ် ဖေဖော်ဝရီလ (၁) ရက်နေ့ တွင် အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းယူခြင်းအား ကျွန်ုပ်တို့ ပြင်းထန်စွာ ကန့်ကွက်ကြောင်း သဘောထားစုပေါင်းထုတ်ပြန်ခဲ့သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အပြီးတိုင်ချုပ်ငြိမ်းနိုင်ရေးအတွက် ရည်ရွယ်ချက်တူ တိုင်းရင်းသားများနှင့်အတူ ကန့်ကွက်မှုပုံစံမျိုးစုံဖြင့် စုပေါင်းတုန့်ပြန်မှုများ ဆောင်ရွက်ခဲ့ကြသည်။

လက်ရှိနိုင်ငံရေး အခြေအနေအရ ပအိုဝ်းလူမျိုးအပါအဝင် တိုင်းရင်းသားများအချင်းချင်း စည်းလုံး ညီညွတ်မှုဖြင့် စစ်အာဏာရှင်စနစ် ကျဆုံးရေး နှင့် အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အတွက် အတူပူးပေါင်းတိုက်ပွဲဝင်ရမည့် အချိန်ဖြစ်သည်။ သမိုင်းအစဥ်ဆက်ဆက်တွင်လည်း ကရင်၊ ကရင်နီ နှင့် ပအိုဝ်း လူမျိုးများသည် တော်လှန်ရေးညီနောင်များအဖြစ် အာဏာရှင်စနစ် တိုက်ဖျက်ရေး နှင့် အမျိုးသားလွတ်မြောက်ရေးမူဆွဲကိုင်ကာ အတွက် အတူတကွ တော်လှန်ခဲ့ကြသည်။အကြမ်းဖက်စစ် ကောင်စီ၏ သွေးခွဲအုပ်ချုပ်ထိုးစစ်ဆင်မှုများကြောင့် တိုင်းရင်းသားများအချင်းချင်းကြား ညီညွတ်ရေး ပျက်ပြားလာပါက အကြမ်းဖက် စစ်ကောင်စီအတွက်အားသာချက် ဖြစ်သွားနိုင်သည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်/အသွင်ပြောင်းဌာနေပြည်သူ့စစ် (PNO/PNA) မှ အကြမ်းဖက်စစ်ကောင်စီတပ် များနှင့် ပူးပေါင်းလုပ်ဆောင်ချက်များသည် ပအိုဝ်းတမျိုးသားလုံး နှင့် သက်ဆိုင်ခြင်းမရှိပါ။ (PNO/PNA) အနေဖြင့် စစ်အာဏာရှင်စနစ်ကျဆုံးစေရေးအတွက် လူထု နှင့်အတူ တော်လှန် ရမည့်အချိန်ဖြစ်သော်လည်း စစ်ကောင်စီအားတော်လှန်ခြင်းမရှိပဲ လူထုကာကွယ်ရေးတပ်(PDF/KNDF)အားနယ်မြေကျူးကျော် အကြောင်းပြ၍စစ်ကောင်စီ နှင့် ပူးပေါင်းထိုးစစ်ဆင်မှုများအားကျွန်ုပ်တို့အနေဖြင့်ကန့်ကွက်သည်။

အကြမ်းဖက်စစ်ကောင်စီတပ်များ ပအိုဝ်းဒေသတွင် တပ်စွဲထားပြီး စစ်အာဏာရှင်တည်မြဲရေးအတွက် ပုံစံ အမျိုးမျိုးဖြင့် သွေးခွဲ စီမံအုပ်ချုပ်ပြီး လူထုကာကွယ်ရေးတပ် (PDF)အား ထိုးစစ်ဆင်နေသည့် လုပ်ဆောင်ချက်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုလုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်သည်။

အာဏာရှင်စနစ် သက်ဆိုးရှည်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးကူညီဆောင်ရွက်နေမှုများအား ကျွန်ုပ်တို့ ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ စနစ်အတွက် တော်လှန်နေသည့် မည်သည့် လူမျိုး၊အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကိုမဆို ပူးပေါင်းဆောင်ရွက်သွားမည်။

**ဖက်ဒရယ် ဒီမိုကရေစီ စနစ် လိုလားသော ပအိုဝ်းအင်အားစုများ**

ထောက်ခံသည့် ပအိုဝ်းအင်အားစုများ

(၁) တက္ကသိုလ်ပေါင်းစုံ ပအိုဝ်း ကျောင်းသူ/ကျောင်းသားများအဖွဲ့ချုပ်

(၂) ကရင်နီ ပအိုဝ်းလူငယ်များ အဖွဲ့

(၃) ပအိုဝ်းမျိုးဆက်သစ်လူငယ်များ  Generation Z

(၄) စက်ဘပူ ပအိုဝ်းလူငယ်များအဖွဲ့

(၅) ရန်ကုန် ပအိုဝ်းလူငယ်များအဖွဲ့

(၆) အမေရိကန် ပအိုဝ်းလူငယ်များအဖွဲ့

(၇) ထိုင်းနိုင်ငံ ပအိုဝ်းလူငယ်များအဖွဲ့

(၈) မလေးရှား ပအိုဝ်းလူငယ်များအဖွဲ့

(၉) ဂျပန်နိုင်ငံရှိ စစ်အာဏာရှင်စနစ် ဆန့်ကျင်သော ပအိုဝ်းလူငယ်များ အဖွဲ့

(၁၀) ပအိုဝ်း အရပ်ဘက်လူမှု အဖွဲ့အစည်းများ

(၁၁) ဖက်ဒရယ် ဒီမိုကရေစီ လိုလားသော ပအိုဝ်းလူငယ်အင်အားစုများ